Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

## (အိမ်တွင်အသုံးပြုရန်အတွက်သာ) ပုံသွင်းသံဘီး

မော်ဒယ်နံပါတ် ။ **EH-HT40**



# မာတိကာ

စာမျက်နှာ /


ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုသတိပေးချက်များ ................................ ၃

အစိတ်အပိုင်းများ၏သတ်မှတ်ချက်များ ................................ ၁၀

စက်အားအသုံးမပြုမီ ................................ ၁၁

ပုံသွင်းဘီးကိုအသုံးပြုခြင်း ................................ ၁၂

ဆံပင်ပုံသွင်းပုံ ................................ ၁၄

စက်အားအသုံးပြုပြီးနောက် ................................ ၂၃

စက်အားသန့်ရှင်းခြင်း ................................ ၂၃

အသေးစိတ်အချက်အလက်များ ................................ ၂၃

ပြဿနာရှာဖွေခြင်း ................................ ၂၄


မြန်မာ

ဤပန်နာဆိုးနစ်ထုတ်ကုန်အားဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ပါသည်။

ဤယူနစ်အားအသုံးမပြုမီအောက်ပါလမ်းညွှန်ချက်များကိုပြည့်စုံစွာဖတ်၍နောင်တွင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

မြန်မာ

# ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်သတိပေးချက်

အနာတရဖြစ်မှု၊အသက်ဆုံးရှုံးမှု၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်း၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုလျှော့ချရန်အောက်ပါဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုများကိုအမြဲသတိပြုပါ။

## အမှတ်သင်္ကေတရှင်းလင်းချက်

အောက်ပါသင်္ကေတများသည်အညွှန်းသင်္ကေတများကိုလျစ်လျူရှုခြင်းမလျော်ကန်စွာအသုံးပြုခြင်းများပြုလုပ်သည့်အခါတွင်ဖြစ်ပေါ်လာသောဘေးအန္တရာယ်၊အနာတရ၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုခွဲခြားဖော်ပြရာတွင်အသုံးပြုပါသည်။

| | |
|---|---|
| ⚠ **အရေးကြီးသတိပေးချက်** | ဒဏ်ရာပြင်းထန်မှု(သို့)အသက်ဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်အလားအလာကိုဖော်ညွှန်းသည်။ |
| ⚠ **သတိပေးချက်** | အသေးစားဒဏ်ရာ(သို့)ပစ္စည်းဥစ္စာဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်ကိုဖော်ညွှန်းသည်။ |

အောက်ပါသင်္ကေတများသည်သတိပြုရမည့်လမ်းညွှန်ချက်များကိုခွဲခြားဖော်ပြရာတွင်အသုံးပြုသည်။

| | |
|---|---|
| 🛇 | ဤသင်္ကေတသည်မလုပ်ဆောင်သင့်သောသတ်မှတ်ထားသည့်လုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |
| ❗ | ဤသင်္ကေတသည်ယူနစ်တစ်ခုအားလုံခြုံဘေးကင်းစွာလည်ပတ်နိုင်ရန်လိုက်နာရမည့်သတ်မှတ်ထားသောလုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |

# အရေးကြီးသတိပေးချက်

**ကလေးငယ်များလက်လှမ်းမှီသော နေရာတွင်မထားပါနှင့်။**
**ကလေးများကိုအသုံးပြုခွင့်မပြုပါနှင့်။**
–ပြုလုပ်ပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်းများရှိနိုင်ပါသည်။

---

**ပြုပြင်ခြင်း၊အစိတ်အပိုင်းများကိုဖြုတ်ခြင်း၊ပြန်လည်မွန်းမံခြင်းများမပြုလုပ်ပါနှင့်။**
–ပြုလုပ်ပါကပုံမှန်မဟုတ်သောလုပ်ဆောင်ချက်ကြောင့်မီးလောင်ခြင်း၊အန္တရာယ်ဖြစ်ခြင်းများရှိနိုင်ပါသည်။
ပြုပြင်ရန်အတွက်တရားဝင်ခွင့်ပြုထားသောဆားဗစ်စင်တာသို့ဆက်သွယ်ပါ။

---

**အိမ်သုံးပလပ်ခုံ(သို့)လျှပ်စစ်ကြိုးတပ်ဆင်မှုကိုသတ်မှတ်နှုန်းထက်ပို၍မသုံးပါနှင့်။**
–အိမ်သုံးပလပ်ခုံတစ်ခုတွင်ပလတ်ပေါင်းများစွာတပ်ဆင်ခြင်းဖြင့်သတ်မှတ်နှုန်းကျော်လွန်ခြင်းသည်အပူလွန်ခြင်းကြောင့်မီးလောင်နိုင်ပါသည်။

---

**လျှပ်စစ်ကြိုးကိုရစ်ပတ်ခြင်း၊ဆွဲခြင်း၊အားဖြင့်ကွေးခြင်းဖြင့်ပြုပြင်ခြင်း(သို့)ပျက်စီးခြင်းမပြုပါနှင့်။**
**ကြိုးကိုဖိခြင်း၊ပစ္စည်းအလေးများတင်ခြင်းမပြုပါနှင့်။**
–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**မီးကြိုးအစည်းလိုက်ဖြင့်အသုံးမပြုပါနှင့်။**
–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းများရှိနိုင်ပါသည်။

---

**သိမ်းဆည်းရာတွင်အခြောက်ခံစက်၏အဓိကအပိုင်းကိုကြိုးဖြင့်ရစ်ပတ်ခြင်းမပြုပါနှင့်။**
–ပြုလုပ်ပါကကြိုး၏ဝန်ကျိုးကာလျှပ်စီးလောင်ကျွမ်းမှုကြောင့်ဓာတ်လိုက်ခြင်း၊
မီးလောင်ခြင်းများရှိနိုင်သည်။

---

**ပလပ်ခေါင်း(သို့)ကြိုးပျက်စီးသည့်အခါ(သို့)ပူနေသည့်အခါမျိုးတွင်အသုံးမပြုပါနှင့်။**
–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ပလပ်ခေါင်းသည် အိမ်သုံးပလပ်ပေါက်တွင် ချောင်နေပါက စက်အားအသုံးမပြုပါနှင့်။**
–ပြုလုပ်ပါက လျှပ်စစ်ပတ်လမ်းတို ခြင်းကြောင့် အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။

---

မြန်မာ

# အရေးကြီးသတိပေးချက်

**ရေစိုနေသောလက်နှင့်ပလပ်ပေါက်တွင် ပလပ်ခေါင်းထိုးခြင်း၊ထုတ်ခြင်းမပြုပါနှင့်။**
–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။

---

**ရေစိုသောလက်ဖြင့်ကိရိယာအားအသုံးမပြုပါနှင့်။**
–ပြုလုပ်ပါက လျှပ်စီးလောင်ကျွမ်းခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ကိရိယာကိုအသုံးပြုပြီးနောက်စက်ပြောင်းနေစဉ်ကိရိယာကိုပါဝါပလတ်ထိုး၍မထားပါနှင့်။**
–ပြုလုပ်ပါကမီးလောင်ခြင်း၊အပူကျွမ်းခြင်း၊အရောင်ကျွတ်ခြင်း(သို့)အနီးရှိအရာဝတ္ထုများရွဲ့စောင်းခြင်းများဖြစ်နိုင်ပါသည်။

---

**အစိုဓာတ်များသော ရေချိုးခန်းကဲ့သို့နေရာမျိုးတွင်ကိရိယာကို ထားရှိခြင်းမပြုပါနှင့်။မှန်တင်ခုံကဲ့သို့ရေများလျှံကျနိုင်သောနေရာမျိုးတွင်လည်းမထားပါနှင့်။**
–ပြုလုပ်ပါကဓာတ်လိုက်ခြင်း၊မီးလောင်ကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**အရက်၊ဘင်ဇင်း၊တင်နာ၊မှုတ်ဆေး၊ဆံကေသာထိန်းသိမ်းမှုထုတ်ကုန်၊လက်သည်းဖျက်ဆေးကဲ့သို့ ပေါက်ကွဲမှုလွယ်သောပစ္စည်းများနှင့်နီးသောနေရာတွင်အသုံးမပြုပါနှင့်။**
–ပြုလုပ်ပါက ပေါက်ကွဲခြင်း၊မီးလောင်ခြင်းများ ရှိနိုင်ပါသည်။

---

**ကိရိယာကိုအသုံးပြုစဉ်စက်ကိုယ်ထည်(သို့)ဆံပင်များတွင်ဆံပင်မှုတ်ဆေး(သို့)ပေါက်ကွဲလွယ်သောဆံပင်နှင့်ဆိုင်သည့်ပစ္စည်းများကိုမသုံးပါနှင့်။**
–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းအပူကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**ကိရိယာအား ရေစိမ်ခြင်းမပြုပါနှင့်။**
**ရေနှင့်နီးသောနေရာတွင်မထားပါနှင့်။**
**ရေချိုးကန်၊ရေပန်း၊ဘေစင်နှင့်အခြားရေပါသောခွက်များတွင်မထားပါနှင့်။**
–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---



**ကိရိယာပေါ်ရှိအနီရောင်တားမြစ်သင်္ကေတသည် ရေနှင့်နီးသောနေရာတွင် ကိရိယာအားအသုံးမပြုရန်သတိပေးခြင်းဖြစ်သည်။**

**မူမမှန်ခြင်း၊စက်ချို့ယွင်းခြင်းများနိုင်ပါကအသုံးပြုမှုကိုချက်ချင်းရပ်၍ပလတ်ခေါင်းကိုဖြုတ်ပါ။**

–မလိုက်နာပါကမီးလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း(သို့)အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။

**( မူမမှန်ခြင်း(သို့) စက်ချွတ်ယွင်းခြင်းကိစ္စများ)**

- **စက်ကိုယ်ထည်သည်ရုံဖန်ရုံခါရပ်ခြင်း(သို့)မီးကြိုးနှင့်ပလတ်ခေါင်းများပုံမှန်မဟုတ်ဘဲပူခြင်း၊**
- **စက်ကိုယ်ထည်ရှဲ့စောင်းခြင်း၊ ညော်နံ့ရခြင်း၊**

–သက်ဆိုင်ရာဆားဗစ်စင်တာတွင်စုံစမ်းခြင်း ၊ပြုပြင်ခြင်းများပြုလုပ်ပါ။

---

**ပလပ်ခေါင်းကိုသေချာစွာထိုးပါ။**

–ထိုသို့မဟုတ်ပါကမီးလောင်ခြင်း ၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းများရှိနိုင်ပါသည်။

---

**ကိရိယာသည်သတ်မှတ်ထားသောဗို့အားနှင့်ကိုက်ညီသောလျှပ်စစ်စွမ်းအားပမာဏကိုသာအသုံးပြုရမည်။**

–ထိုသို့မဟုတ်ပါက မီးလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းများရှိနိုင်ပါသည်။

---

# အရေးကြီးသတိပေးချက်

**ဖုန်များစုလာခြင်းမှကာကွယ်ရန် ပလပ်ခေါင်းအား မှန်မှန်သန့်ရှင်းပါ။**

–မပြုလုပ်ပါက စိုထိုင်းမှုကြောင့်ဖြစ်ပေါ်လာသော အပူချိန်ကျဆင်းမှုကြောင့် မီးလောင်နိုင်ပါသည်။
ပလပ်ခေါင်းကို ဖြုတ်၍အဝတ်ခြောက်ခြောက်ဖြင့်သုတ်ပါ။

---

**ကိရိယာအားပိတ်လိုက်သည့်အချိန်တွင်ပင် ရေအနားတွင်ထားသည့်အတွက် အန္တရာယ်ရှိနိုင်သောကြောင့် ရေချိုးခန်းတွင် အသုံးပြုပြီးနောက် ခလုတ်ဖြုတ်ပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**ထပ်ဆောင်းကွယ်မှုအတွက်ရေချိုးခန်းတွင်အသုံးပြုသောလျှပ်စစ်ပတ်လမ်းသည် ၃၀ မီလီအမ်ပီယာ ထက်မပိုသောသတ်မှတ်ထားသည့် ကြွင်းကျန်သောလည်ပတ်လမ်းကြောင်းရှိသည့် အာစီဒီ တပ်ဆင်ခြင်းမျိုးရှိသင့်ပါသည်။သင့်အားတပ်ဆင်ပေးသူကို အကြံဉာဏ်တောင်းပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**ဤကိရိယာသည် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ဘေးကင်းလုံခြုံမှုအတွက်တာဝန်ရှိသူတစ်ယောက်မှ ကိရိယာ၏အသုံးပြုပုံအားလမ်းညွှန်ချက်မရှိဘဲအတွေ့အကြုံဗဟုသုတအားနည်းသူများအသုံးမပြုသင့်ပါ။ကလေးငယ်များကိုလည်း ဤကိရိယာနှင့်ဆော့ကစားခြင်းမပြုရန်ဂရုစိုက်သင့်ပါသည်။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**အကယ်၍ကြိုးပျက်စီးသွားပါကဘေးအန္တရာယ်ကာကွယ်ရန် ထုတ်လုပ်သူ၊ပစ္စည်း၏ဝန်ဆောင်မှုအေးဂျင့်(သို့)ပညာရှင်များမှ အစားထိုးလဲလှယ်ပေးရမည်။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

# သတိပေးချက်

မြန်မာ

**ကြိုးကိုရစ်ပတ်၍မထားပါနှင့်။**

–ယင်းကဲ့သို့ပြုလုပ်ပါက ကြိုးအတွင်းရှိဝိုင်ယာကြိုးသည် ဖိအားကြောင့်ပျက်စီးပြီး လျှပ်စီးပတ်လမ်းတို ကြောင့် ဓာတ်လိုက်ခြင်း(သို့) မီးလောင်ခြင်းများရှိနိုင်ပါသည်။

**လွတ်ကျခြင်း(သို့)အရာဝတ္ထုများနှင့်မထိမိပါစေနှင့်။**

–ယင်းကဲ့သို့ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

**အပူပေးသည့်အပိုင်းကိုအရေပြား(နားရွက်များ၊နဖူးများလည်အဟိုက်နေရာများနှင့်မထိပါစေနှင့်။**

–ထိပါက အပူကျွမ်းနိုင်ပါသည်။

**ကလေးငယ်များအတွက်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။

**စက်ကိုအသုံးပြုနေစဉ်နှင့်အသုံးပြုပြီးချက်ချင်းစက်ပူနိုင်သည့်အတွက်အရိပ်ကျသောနေရာများကိုမကိုင်ပါနှင့်။**

–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။



**ကလစ်ပိတ်သည့်အခါမျက်နှာနားသို့မကပ်ပါနှင့်။**

–မျက်နှာနားတွင်ကပ်ပွင့်ခြင်းသည်အပူကျွမ်းခြင်း ၊အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။

**ဆံပင်ကောက်ရာတွင်သုံးသောပုံသေကောက်ဆေးဖြင့်ကိရိယာကိုမသုံးပါနှင့်။**

–သုံးပါက ဆံပင် (သို့) အရေပြားထိခိုက်နိုင်ပါသည်။

**ကိရိယာကိုသင်၏ဆံပင်ထိန်းသိမ်းရန်အတွက်မှလွဲ၍ အခြားရည်ရွယ်ချက်များအတွက်မသုံးပါနှင့်။**

–သုံးပါက အပူကျွမ်းနိုင်ပါသည်။

# သတိပေးချက်

မြန်မာ

**ကိရိယာကိုဆံပင်အစုတစ်စုတည်းတွင် ၂ကြိမ်ထပ်ပိုမသုံးပါနှင့်။ဆံပင်ကိုဘီးဖြင့် ၁၀စက္ကန့်ထက်ပို ကြာ၍မဖြီးပါနှင့်။**

–ဖြီးပါက အပူကျွမ်း ခြင်း၊ ဆံပင်ပျက်စီးခြင်းများရှိနိုင်ပါသည်။

**ဆံပင်ကို စက်ပြောင်း ပတ်ပတ်လည်တွင် ၁.၅ ကြိမ်ထက်ပို၍မရစ်ပတ် ပါနှင့်။ဆံပင်အရင်းအထိမလိပ်ပါနှင့်။ဘီးကိုဆံပင်လိပ်ထားသည့်အပိုင်းမှလွဲ၍ ဆံပင်၏အခြားအပိုင်းများတွင်မသုံးပါနှင့်။ပုံတွင်ပြထားသည့်အတိုင်းဆံပင်ကိုထောင့်ဖြတ်လိပ်ခြင်း၊ ဖြေခြင်း မပြုပါနှင့်။**

**တစ်ချိန်တည်းတွင်ဆံပင်အများကြီး ယူ၍မလိပ်ပါနှင့်။**

– ပြုလုပ်ပါက ဆံပင်ညှပ် ၍ပျက်စီးခြင်း အပူကျွမ်းခြင်းများရှိနိုင်ပါသည်။



**စက်အားအသုံးပြုပြီးနောက်အိမ်သုံးပလတ်ခုံမှပလတ်ကိုဖြုတ်ပါ။**

–မဖြုတ်ပါက အကာကွယ်ပေးမှုယိုယွင်းခြင်းကြောင့်လျှပ်စစ်ယိုစိမ့်ကာ အပူကျွမ်းခြင်း ၊လျှပ်စစ်လျှော့ဖြစ်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

**ကိရိယာကိုပေါက်ကွဲလွယ်သောအရာများ ၊အပူလွယ်သောအရာ များ ၏အဝေးရှိညီညာသောမျက်နှာပြင်တွင်ထားပါ။**

–မထားပါကမီးလောင်ခြင်း၊အပူကျွမ်းခြင်း၊အရောင်ကျွတ်ခြင်း၊အနီးရှိအရာများပုံပျက်ခြင်းများရှိနိုင်ပါသည်။

**ပလပ်ခေါင်းကိုမီးကြိုးမှဆွဲဖြုတ်မည့်အစားပလပ်ခေါင်းကိုကိုင်၍ဆွဲဖြုတ်ပါ။**

–ထိုသို့မလုပ်ပါက (လျှပ်စစ်ပတ်လမ်းတိုကြောင့်)မီးကြိုးအတွင်းရှိ ဝါယာကြိုး ပေါက်ကာအပူကျွမ်းခြင်း ၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊မီး လောင်ခြင်းများရှိနိုင်ပါသည်။

# အစိတ်အပိုင်းများကိုခွဲခြမ်းစိတ်ဖြာခြင်း




- က စက်ပြောင်း
- ခ ဆံပင်ညှပ်ကလစ် (ကလစ်)
- ဂ ဘီး
- ဃ ပါဝါမီးအိမ်
- င မီးကြိုး
- စ ပလပ်ခေါင်း
  (ပလပ်ခေါင်းပုံသဏ္ဍာန်သည်နေရာပေါ်မူတည်၍ပြောင်းလဲနိုင်ပါသည်။)
- ဆ ပါဝါခလုတ်
  ( ဤကိရိယာသည် အလိုအလျောက်မပိတ်ပါ။)

# စက်အားအသုံးမပြုမီ

## ၁။ ခေါင်းဖြီးပါ။



ဆံပင်ကိုသင်အလိုရှိသောပုံစံ၏လားရာအတိုင်းမငြိအောင်ဖြီးချပါ။

## ၂။ ဆံပင်ကိုအနည်းငယ်စိုစွတ်အောင်လုပ်ပါ။



ဆံပင်ကိုပုံသွင်းပစ္စည်းများ၊ရေ (သို့) ရေစွတ်ထားသောပုဝါဖြင့်ညင်သာစွာစိုစွတ်အောင်လုပ်ပါ။

- အဆမတန်စိုစွတ်နေသောဆံပင်များသည်ပုံသွင်းရန်မလွယ်ကူသောကြောင့်ဆံပင်သည်အနည်းငယ်သာစိုစွတ်မှုရှိရပါမည်။

### ► မှတ်ချက်

- ဆံပင်သည်စက်ပြောင်းမှထွက်လာသောအပူကြောင့်စိုထိုင်းနိုင်ပါသည်။
- ပုံသွင်းဆေးများသည်ဆံပင်ပျက်စီးနိုင်သောကြောင့်ပုံသွင်းပစ္စည်းများကိုပုံသွင်းဆေးများ ( Thiology acid,cysteine) ကဲ့သို့ပါဝင်ပစ္စည်းများဖြင့်မသုံးပါနှင့်။

### ဆံပင်ဖြောင့်သည့်ပစ္စည်းများ

- အိမ်သုံးပုံသေဆံပင်ဖြောင့်ဆေးကိုသုံးပြီးနောက်ပုံသွင်းသံဘီးကိုချက်ချင်းမသုံးပါနှင့်။သုံးပါကဆံပင်ပျက်စီးနိုင်ပါသည်။ (ပုံသွင်းသံဘီးကိုဆံပင်ဖြောင့်ဆေးသုံးပြီး ၃ – ၄ရက်အကြာတွင်သုံးနိုင်သည်။ပုံသွင်းသံဘီးကိုအလှပြင်ဆိုင်တွင်ဆံပင်ပြုပြင်ပြီး ၃–၄ရက် အကြာတွင်လည်းသုံးနိုင်ပါသည်။)

### ဆံပင်ဆိုးဆေးပစ္စည်းများ

- ဆံပင်ဆိုးခြင်းသည် ဆံပင်ကို ဒဏ်ဖြစ်စေနိုင်ပါသည်။ဆံပင်ဆိုးပြီးနောက်ပုံသွင်းသံဘီး ကိုအသုံးမပြုမီ ၂ရက်၊ ၃ရက် စောင့်ပါ။ ယာယီ ဆိုးဆေး ကိုသုံးပါက စက်ကို အသုံးမပြုမီ ရေဆေး၍ အခြောက်ခံပါ။
- ဆေးဆိုးပြီးနောက် အရောင်မြဲရန်အချိန်ကြာပါသည်။ ယာယီဆေးဆိုးသည့်အခါဘီးကို သေချာစွာ မဆေးပါက ဆိုးဆေးများဘီးတွင် ကပ်ကျန်နေနိုင်ပါသည်။ထို့အပြင် စက်သည်စိုနေပါကလည်းဆံပင် လိပ်၍မရပါ။

# ပုံသွင်းသံဘီးကိုအသုံးပြုခြင်း



## ၁။ ပလတ်ခေါင်းကိုအိမ်သုံးပလတ်ခုံတွင် တပ်ပါ။

## ၂။ ပါဝါခလုတ်ကိုဖွင့်ရန် [1] (သို့) [2] ကိုနှိပ်ပါ။

ပါဝါမီးအိမ်သည်နီရဲလာပြီး ပုံသွင်းသံဘီးသည် ၁မိနစ်အတွင်းပူလာမည်။

- ပုံသွင်းသံဘီး အားပထမဆုံးအကြိမ် သုံးသည့် အခါ(သို့) ဆံပင်အပူကျွမ်းမည်ကိုစိုးရိမ်ပါက ပါဝါခလုတ်ကို "1" တွင်ထားပါ။

| အပူချိန် | ဆံပင်အလိပ်ပုံစံ |
|---|---|
| ပျမ်းမျှ ၁၈၀ ဒီဂရီစင်တီဂရိတ်<br>↕<br>ပျမ်းမျှ ၁၄၀ ဒီဂရီစင်တီဂရိတ် | မာတောင့်<br>↕<br>ပင်ကို |

- သင့်ဆံပင်အမျိုးအစားနှင့်ကိုက်ညီသော အပူချိန် နှင့် ပြောင်းလိုသော ဆံပင်အလိပ်ပုံစံကို ရွေးပါ။

# ပုံသွင်းသံဘီးကိုအသုံးပြုခြင်း

မြန်မာ

## ၁။ ဆံပင်ပုံသွင်းခြင်း



▶ ဆံပင်ကိုဘီးဖြင့်ဖြောင့်စင်းအောင်လုပ်ခြင်း (စာမျက်နှာ ၁၄ )



▶ ဆံပင်လိပ်ခြင်းနည်းလမ်းများ (အလိပ်ကြီးအတွက် (စာမျက်နှာ ၁၅ ))

ဆံပင်လိပ်ခြင်းနည်းလမ်းများ (အလိပ်အသေးအတွက် (စာမျက်နှာ ၁၇ ))



▶ ဆံပင်အလယ်ပိုင်းလိပ်ခြင်း (စာမျက်နှာ ၁၉ )



▶ ထိပ်ပိုင်းတွင်ဆံပင်ပမာဏများအောင်လုပ်ခြင်း (စာမျက်နှာ ၂၀ )



▶ ရှေ့စမြိတ်ကိုပုံသွင်းခြင်း(သိမ်မွေ့သောအမြင်အတွက်) (စာမျက်နှာ ၂၂ )

ဘေးခွဲထားသောရှေ့ဆံပင်ကိုပုံသွင်းခြင်း (စာမျက်နှာ ၂၂ )

# ဆံပင်ပုံသွင်းပုံ

## ဆံပင်ကိုဘီးဖြင့် ဖြောင့်စင်းအောင်လုပ်ခြင်း

( ကလစ်မပါခြင်း )



**၁။ ဘီးကိုဆံပင်အပေါ်ပိုင်းမှဖြီးချပါ။**

ဆံပင်ကို အခြားလက်တစ်ဖက်ဖြင့် ကိုင်ထားပြီးဆံပင်အရင်းမှစ၍အောက်ပိုင်းသို့ အရှိန်မှန်မှန်ဖြင့် ဖြီးချပါ။



**၂။ ဆံပင်အောက် ဘက်တွင် ဘီးကိုထားပါ။**

အဆင့် (၁) တွင် ဖော်ပြထားသည့်နည်းအတိုင်းဘီးဖြီးချပါ။

## ပုံသွင်းရာတွင် ရလဒ်ကောင်းရစေသည့်နည်းလမ်းများ

**၁။ ဆံပင်မငြိစေရန် ဘီးကိုသုံးပါ။**

**၂။ ဆံပင်ကိုပုံတွင်ပြထားသည့်အပိုင်းများအတိုင်း သီးခြားခွဲ၍ လိပ်ပါ။**




- ဆံပင်အုံထူပါကဆံပင်ကိုအပိုင်းငယ်များခွဲ၍ဖြီးခြင်းသည်ပုံသွင်းခြင်းကိုပိုမိုလွယ်ကူစေပါသည်။

**၃။ ဆံပင်ကို ဦးခေါင်း၏အနောက်ဘက် က မှ ခ (ထို့နောက် ဂ မှ ဃ ) အတိုင်းစတင်ပုံသွင်းပါ။**

## ဆံပင်လိပ်ခြင်းနည်းလမ်းများ(အလိပ်ကြီးအတွက်)

( ကလစ်မပါခြင်း )




### ၁။ ဆံပင်ကို အလျားလိုက် ၅စင်တီမီတာ ယူပါ။



### ၂။ ဆံပင်ဖြီးရန်စက်ပြောင်းကိုသုံးပါ။

ဆံပင်ကို အခြားတစ်ဖက်ဖြင့် ကိုင်ပြီး ဆံပင် အရင်းမှ အောက်ဘက် သို့အရှိန်မှန်မှန် ဖြင့် ဖြီးချပါ။

- အတွင်းဘက်လိပ်ရန် ဆံပင် အောက်ဘက်ကိုဖြီးပါ။
- အပြင်ဘက်လိပ်ရန် ဆံပင် ပေါ်ဘက်ကိုဖြီးပါ။

**မှတ်ချက်**

ဆံပင်မလိပ်ခင် ပုံသွင်းသံဘီးဖြင့် ဆံပင်ကို ဖြီးခြင်း သည် ဆံပင်ကိုပူနွေးစေပြီး ဆံပင် အလိပ်ကို ကြာရှည်ခံစေပါသည်။

### ၃။ ဆံပင်အလိပ်ကို ပုံသွင်းခြင်း

ဆံပင်အဖျားများကို စက်ပြောင်းတစ်လျှောက် ၁.၅ကြိမ် ရစ်ပတ်၍ဘီးကို ဆံပင် လိပ် လိုသော လားရာအတိုင်းလှည့်ပါ။

- အတွင်းဘက်လိပ်ရန် ဆံပင် အောက်ဘက်ကိုဖြီးပါ။
- အပြင်ဘက်လိပ်ရန် ဆံပင် ပေါ်ဘက်ကိုဖြီးပါ။





### ၄။ ဘီးကို နေရာတွင်ပျမ်းမျှ ၇စက္ကန့်ကိုင်ထားပါ။

ဆံပင်အလိပ်များ ပြေသွားပါက အဆင့် ၃အတိုင်းထပ်လုပ်ပါ။

- ဘီးကို တစ်နေရာ တည်းတွင် ၁၀ စက္ကန့် ထက်ပို၍ မထားပါနှင့်။

## ဆံပင်လိပ်ခြင်းနည်းလမ်းများ (အလိပ်ကြီးအတွက်)

( ကလစ်မပါခြင်း )

**၅။ ဘီးမှဆံပင်အလိပ်ဖြည်ခြင်း**

ဘီးကို တူညီသော ထောင့်တစ်ခုတည်းတွင် လှည့်ခြင်းဖြင့် ဆံပင် အလိပ်ဖြည်နိုင်ပါသည်။
သို့သော် ဆံပင်အလိပ် လုပ်ခြင်းတွင် သုံးသောလားရာ၏ပြောင်းပြန် အတိုင်းလှည့်ရပါမည်။

**၆။ ကျန်သော ဆံပင်များအတွက် အဆင့် ၁မှ ၅ အထိ လုပ်ပါ။**

## ဆံပင်ငြိခြင်း ကိုကာကွယ်ရန်

### ဆံပင်အလိပ်လိပ်သည့်အခါ

ဆံပင်ကိုစက်ပြောင်းပတ်ပတ်လည်တွင် ၁.၅ ကြိမ်ထက်မပိုဘဲ ရစ်ပတ်၍ ဆံပင် အစည်းကိုယူပြီးလိပ်ရမည့်ဆံပင်အပိုင်းနှင့်သံချောင်းကိုထောင့်မှန် ကျသော နေရာတွင်ထားပါ။

### ဆံပင်အလိပ်ဖြည်ရန်

ဘီးကို ဦးခေါင်းနှင့်ဝေးနိုင်သလောက်ဝေးဝေးတွင်ထား၍ ဘီးကို ဆံပင်နှင့်ထောင့်မှန် ကျသောနေရာတွင်ထားပြီး ဆံပင်အလိပ်ကိုဖြည်းညှင်းစွာဖြည်ပါ။





- ဆံပင်သည် ဘီးတွင် ညှိနေပါက ပထမဦးစွာ ပါဝါခလုတ် ကို [0] သို့ရွှေ့ပါ။ ထို့နောက် ပုံသွင်း သံဘီးကိုခလုတ် ဖြုတ်ပါ။ဆံပင်ငြိခြင်းကိုဖြည်သည့် အခါဆံပင် အားလုံး ကိုတစ်ချိန်တည်းဆွဲမထုတ်ပါနှင့်။ ဆံပင် အပိုင်းငယ်များခွဲ ၍ ဆံပင်ကိုဖယ်ပါ။

မြန်မာ

# ဆံပင်ပုံသွင်းပုံ (အဆက်)

## ဆံပင်လိပ်ခြင်းနည်းလမ်းများ(အလိပ်အသေးအတွက်)

( ကလစ်ပါခြင်း )

**၁။ ဆံပင်ကိုအလျားလိုက်၅စင်တီမီတာ ယူပါ။**

ဆံပင်သည်ကလစ်အတွင်းအံဝင်ဂွင်ကျဖြစ်စေရမည်။

**၂။ ဆံပင်အဖျားများကိုလိပ်၍လိမ်ပါ။**

ဆံပင်အဖျားများကိုကလစ်ဖြင့်လိပ်၍ဆံပင်ကိုစက်ပြောင်းတစ်လျှောက်၁.၅ကြိမ်ရစ်ပတ်ပါ။

အတွင်းဘက် : သင့်၏မျက်နှာနှင့်ဝေးသည့်ဘက်ကိုလိပ်ပါ။



အပြင်ဘက် : သင့်၏မျက်နှာနှင့်နီးသည့်ဘက်ကိုလိပ်ပါ။



## ၃။ ဘီးကို နေရာတွင်ပျမ်းမျှ ၇စက္ကန့်ကိုင်ထားပါ။

ဆံပင်အလိပ်များ ပြေသွားပါက အဆင့် ၃အတိုင်းထပ်လုပ်ပါ။

• ဘီးကို တစ်နေရာ တည်းတွင် ၁၀ စက္ကန့် ထက်ပို၍ မထားပါနှင့်။



## ၄။ ဘီးမှဆံပင်အလိပ်ဖြည်ခြင်း

ဘီးကို တူညီသော ထောင့်တစ်ခုတည်းတွင် လှည့်ခြင်းဖြင့် ဆံပင် အလိပ်ဖြည်နိုင်ပါသည်။
သို့သော် ဆံပင်အလိပ် လုပ်ခြင်းတွင် သုံးသောလားရာ၏ပြောင်းပြန် အတိုင်းလှည့်ရပါမည်။
ဆံပင်ကိုဖယ်ရန် ကလစ်ကို ဟပါ။



## ၅။ အဆင့် ၁မှ ၅ကို ၁မှ ၄ အထိ ပြောင်းပါ။

## ဆံပင်အလယ်ပိုင်းကိုလိပ်ခြင်း

( ကလစ်မပါခြင်း )

**၁။ ဆံပင်ကို အလျား လိုက် ၅၀ စင်တီမီတာ ယူပါ။**

**၂။ ဆံပင်ဖြီးရန်စက်ပြောင်းကိုသုံးပါ။**

ဆံပင်ကိုလက်တစ်ဖက်ဖြင့် ကိုင် ၍ ခေါင်းဖြီးရန် စက်ပြောင်း ပေါ်ရှိ ဘီးကိုသုံးပါ။

အတွင်းဘက် ： သင့်၏မျက်နှာနှင့်ဝေးသည့်ဘက်ကို လိပ်ပါ။



### မှတ်ချက်

ဆံပင် မလိပ်ခင် ပုံသွင်း သံဘီး ဖြင့် ဆံပင်ကို ဖြီး ခြင်းသည် ဆံပင်ကို ပူနွေးစေပြီး ဆံပင် အလိပ်ကို ကြာရှည်စွာခံစေပါသည်။

## ဆံပင်အလယ်ပိုင်းကိုလိပ်ခြင်း

( ကာလစ်မပါခြင်း )

မြန်မာ

၃။ ဆံပင်တစ်ဝက်ကိုယူ၍ စက်ပြောင်းတစ်လျှောက် တစ်ကြိမ် ရစ်ပတ်ပါ။ ဆံပင်တစ်ဝက်ကို ဘီးဖြင့်လိပ်၍ ဆံပင်အဖျားကို ညာလက်ဖြင့် ကိုင်ကာထိုဆံပင် ကိုစက်ပြောင်း တစ်လျှောက် တွင် တစ်ကြိမ် ရစ်ပတ်ပါ။



၄။ ဆံပင်အဖျားအထိ ဖြီးချပါ။

ဘီးသည် သင့်လက် နားမရောက် မီ ဆံပင် အဖျား ကို လွှတ်၍ညင်သာစွာ ဖြီးချပါ။

- ဆံပင်အလိပ်များပြေသွားပါကအဆင့် ၃ – ၄ ကိုနောက်တစ်ကြိမ် လုပ်ပါ။



၅။ ကျန်သော ဆံပင်များအတွက် အဆင့် ၁ မှ ၄ ကိုလုပ်ပါ။

## ဆံပင်ထိပ်ပိုင်းတွင် ပမာဏများအောင်လုပ်ခြင်း

( ကလစ်မပါခြင်း )




၁။ ဆံပင်ကို ပမာဏများလိုသောနေရာတွင် စုပါ။

ယူထားသော ဆံပင်များသည် အလျားလိုက် ၅ စင်တီမီတာ နှင့် အထူ ၂စင် တီမီတာ ရှိရမည်။



၂။ ဘီးကိုဆံပင် အနောက်ပိုင်း ၊ဆံပင် အရင်း နှင့်နီးသော နေရာတွင် ထားပါ။



၃။ ဆံပင်အရင်းမှ ဘီးကိုလှည့်၍ဆံပင် အဖျားဆီသို့ ၁၀ စင်တီမီတာ ခန့် ဖြည်းညင်းစွာ ဖြီးချပါ။

## ရှေ့စမြိတ်များကိုပုံသွင်းခြင်း (သိမ်မွေ့သောအမြင်အတွက် )

( ကလစ်ပါခြင်း )




၁။ **နဖူးမှရှေ့စမြိတ်များကိုယူ၍ အဖျားကို ကလစ်ဖြင့်လိပ်ပါ။**
ယူထားသော ဆံပင်များသည် အလျားလိုက် ၅ စင်တီမီတာ
နှင့် အထူး ၂စင် တီမီတာ ရှိရမည်။

၂။ **ဆံပင်အရင်းသို့ စက်ပြောင်းဖြင့်လိမ့်ပါ။**



၃။ **ဘီးမှ ဆံပင်အလိပ်ကိုဖြည်ခြင်း**
သဘာဝဆန်ဆန်ပြီးမြောက်ရန်အတွက် ဆံပင်ညှပ်ကလစ်ကို
မသုံးဘဲ လိပ်ကြည့်ပါ။

## ဘေးခွဲထားသောရှေ့ဆံပင်ကိုပုံသွင်းခြင်း

( ကလစ်ပါခြင်း )

၁။ **ညာဘက်ပုံတွင်ပြထားသည့် အတိုင်းဆံပင်ကိုသံဘီးဖြင့်တည့်မတ်စွာလိပ်ပါ။ကလစ်သည်သင့်မျက်နှာချင်းဆိုင်တွင်ရှိရမည်။**



၂။ **ဆံပင်ကိုသင့် မျက်နှာနှင့် အဝေးတွင် ထား၍စတင် လိပ်ပါ။**

၃။ **ဘီးမှ ဆံပင်အလိပ် ဖြည်ပါ။**

## စက်အားအသုံးပြုပြီးနောက်

၁။ ပုံသွင်းသံဘီးကိုခလုတ်ပိတ်ရန် ပါဝါခလုတ်ကို “၀” သို့ရွှေ့ပါ။




၂။ အိမ်သုံးပလတ်ခုံမှပလပ်ခေါင်းကိုဖြုတ်ပါ။

## စက်ကိုသန့်ရှင်းခြင်း

**စက်အေးသွား၍အိမ်သုံးပလတ်ခုံမှပလပ်ဖြုတ်ပြီးနောက်တွင်ပုံသွင်းသံဘီးကိုသန့်ရှင်းပါ။**

- ပုံသွင်းသံဘီးကိုသန့်ရှင်း ရန်ဆပ်ပြာရည်တွင်အဝတ်ကိုနစ်၍အရည်ညှစ်ကာသုတ်ပါ။
- ဘီးပေါ်မှဖုန်မှုန့်များ၊ဆံပင်များကဲ့သို့အညစ်အကြေးများကိုဂွမ်းစဖြင့်ဖယ်ပါ။
- လက်၊ခန္ဓာကိုယ်သုံးဆပ်ပြာများ၊အရက်ပြန်များ၊သုတ်ဆေး ၊ဗင်ဇင်း(သို့) ဖျက်ဆေးများကိုမသုံးပါနှင့်။
  သုံးပါကပုံသွင်းသံဘီး၏မျက်နှာပြင်ပေါ်တွင်အက်ကြောင်းများ၊အရောင်ကျွတ်ခြင်းများရှိနိုင်ပါသည်။
- ဆံပင်နှင့်သက်ဆိုင်သောပစ္စည်းများ၊အလှကုန်များမှအကြွင်းအကျန်များကိုပုံသွင်းသံဘီးပေါ်မထားပါနှင့်။
  ထားပါကပလတ်စတစ်ပျက်စီးခြင်း၊အက်ကြောင်းရာများရှိခြင်း(သို့)အရောင်ကျွတ်ခြင်းများဖြစ်နိုင်ပါသည်။

## အသေးစိတ်အချက်အလက်များ

**မော်ဒယ်နံပါတ်** EH-HT40

| | |
|---|---|
| လျှပ်စစ်ပမာဏ | ၂၂၀–၂၄၀ဗို့ ~ ၅၀–၆၀ဟတ်ဇ် |
| လျှပ်စစ်သုံးစွဲမှုပမာဏ | ၄၁၀ဝပ် |
| စက်ပြောင်းအပူချိန် | [2]:ပျမ်းမျှ ၁၈၀ ဒီဂရီစင်တီဂရိတ် |
| | [1]:ပျမ်းမျှ ၁၄၀ ဒီဂရီစင်တီဂရိတ် |

ဤထုတ်ကုန်သည် အိမ်သုံးအတွက်သာဖြစ်သည်။

# ပြဿနာဖြေရှင်းခြင်း

<table>
<tr><th>ပြဿနာ</th><th>ဖြစ်နိုင်သည့်အကြောင်းအရင်း</th><th>ဖြေရှင်းချက်</th></tr>
<tr><td>စက်အားကိုအသုံးပြုစဉ်ပုံသွင်းသံဘီးမှမီးကျွမ်းနံ့ထွက်ခြင်း</td><td>ဖုန်မှုန့်၊အညစ်ကြေး၊ဆံပင်ပုံသွင်းပစ္စည်းများသည်စက်ပြောင်း၊ဘီးနှင့်ညှပ်များတွင်ကပ်နေခြင်းကြောင့်ဖြစ်သည်။</td><td>အညစ်ကြေးများကိုဖယ်ရန်ပုံသွင်းသံဘီးကိုဆေးပါ။ စာမျက်နှာ ၂၃</td></tr>
<tr><td>မီးကြိုးကွေးနေသည့်အခါပါဝါမီးအိမ်ဖွင့်လိုက်ပိတ်လိုက်ဖြစ်ခြင်း</td><td></td><td rowspan="2">သက်ဆိုင်ရာဆားဗစ်စင်တာနှင့်စုံစမ်းခြင်း၊ပြင်ဆင်ခြင်းပြုလုပ်ပါ။</td></tr>
<tr><td>ပါဝါမီးအိမ်လင်းသော်လည်းစက်ပြောင်းမပူခြင်း</td><td></td></tr>
</table>

အကယ်၍ပြဿနာကိုမဖြေရှင်းနိုင်သေးပါက စက်အားပြင်ဆင်ရန်အတွက်ပန်နာဆိုးနစ်မှတရားဝင်ခွင့်ပြုထားသောဆားဗစ်စင်တာ(သို့)ကိုရီယာ ဝယ်ယူခဲ့သောစတိုးဆိုင်ကိုဆက်သွယ်မေးမြန်းပါ။

Panasonic Manufacturing (Thailand) Co., Ltd.

Navanakorn Industrial Estate, Zone 3, No. 106 Moo 18, Klong 1,
Klong Luang, Patum Thani 12120, Thailand